# (၁၉) ကြိမ်မြောက်ကယန်းအမျိုးသားနေ့တွင်

# သဘာဝပတ်ဝန်းကျင်နှင့်ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး ပညာပေးပြခန်း

# ဖွင့်လှစ်ပြသခြင်း အစီရင်ခံစာ










မေလ၊၂၀၁၉ ခုနှစ်

# မာတိကာ

စာမျက်နှာ

၁ ။ နိဒါန်း........................................................................................ ၁

၂ ။ရည်ရွယ်ချက်

၃ ။ BANCA အသင်းမှ ပြခန်းဖွင့်လှစ်ပြသရာတွင် ပါဝင်သော အဖွဲ့ ဝင်များ...... ၂

၄ ။ သဘာဝပတ်ဝန်းကျင်နှင့်ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး ပညာပေးပြခန်း.....၂

ဖွင့်လှစ်ပြသခြင်း အစီအစဉ်

၅ ။ ပြခန်းအတွင်းရှိ ပြကွက်များ

(က) ပြခန်း ခေါင်းစည်းစာသားအမည်.....................................................................၃

(ခ)မြန်မာနိုင်ငံတွင်သာတွေ့ ရှိနိုင်သည့်အပင်နှင့်သားငှက်တိရစ္ဆာန်များ.............................၄

(Endemic Species of Myanmar)

(ဂ) ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆောက်ရွက်ချက်နှင့်လုပ်ရှားများ.....................................၅

(ဃ)ဇီဝမျိုးစုံမျိုးကွဲနှင့်သဘာဝထိန်းသိမ်းရေးအသင်းနှင့်ကယန်းဒေသ...............................၅

သဘာဝဝန်းကျင်ထိန်းသိမ်းရေကွန်ယက် တို့ ၏ ကွင်းဆင်းပူးပေါင်းဆောင်ရွက်မှုများ

(င) ကယန်းဒေသ၏ ဆောင်ရွက်သင့်သော ရှေ့ လုပ်ငန်းစဉ်များ.......................................၆

(စ) ကယန်းဒေသ သဘာဝဝန်းကျင်ထိန်းသိမ်းရေးကွန်ယက်...........................................၆

(ဆ) ကယန်းလူမျိုးများနေထိုင်ရာ ကယန်းဒေသမြေပုံ.....................................................၇

(ဇ) ကယန်းဒေသ သဘာဝဝန်းကျင်ထိန်းသိမ်းရေးကွန်ယက် (အမှတ်တံဆိပ်)....................၈

(Environmental Conservation Network of Kayan Region )(KCNKR)

(ဈ) ကယန်းဒေသ သဘာဝဝန်းကျင်ထိန်းသိမ်းရေးကွန်ယက် ကြေငြာချက်.........................၉

နောက်ဆက်တွဲ(၁)

၆ ။ ပြခန်း သို့ လာရောက်သော  လူဦးရေ စာရင်း ..................................................................၁၀

၇ ။ ဒေသခံလူထု၏ အကြံပြုစာ..........................................................................................၁၀

နောက်ဆက်တွဲ(၂)  ပြခန်းဖွင့်လှစ်ရန် ဖိတ်ကြားလွှာ..................................................................၁၁

.......................................................................................................................................၁၂

နောက်ဆက်တွဲ (၃)  ကယန်းအမျိုးသားနေ့ မှတ်တမ်းဓါတ်ပုံများ ..............................................၁၃

ဓါတ်ပုံများ.........................................................................................................................၁၄

ဓါတ်ပုံများ.........................................................................................................................၁၅

၈ ။ နိဂုံး.............................................................................................................................၁၆

## (၁၉) ကြိမ်မြောက်ကယန်းအမျိုးသားနေ့တွင် သဘာဝပတ်ဝန်းကျင်နှင့်ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး ပညာပေးပြခန်း ဖွင့်လှစ်ပြသခြင်း အစီရင်ခံစာ

**၁။ နိဒါန်း**

ဇီဝမျိုးစုံမျိုးကွဲနှင့်သဘာဝထိန်းသိမ်းရေးအသင်း(BANCA)သည် ပြည်တွင်းအစိုးရမဟုတ်သော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအသင်းဖြစ်ပြီး ၂၀၀၂ ခုနှစ်မှ စတင်တည်ထောင်ကာ သုတေသနနှင့် ထိန်းသိမ်းရေးလုပ်ငန်းများကိုသက်ဆိုင်ရာဝန်ကြီးဌာနများ၊ဦးစီးဌာနများ ၊ပြည်တွင်းပြည်ပရှိ INGO,NGO အဖွဲ့အစည်းများ ၊ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ အစိုးရအဖွဲ့များ ၊လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံထိန်းသိမ်းရေး အဖွဲ့များ နှင့် ပူးပေါင်းကာ ထိန်းသိမ်းရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်လုပ်ဆောင် လျှက်ရှိပါသည် ။

ယခုအခါ BANCAအသင်းနှင့် ချိတ်ဆက်ကာ ထိန်းသိမ်းရေးလုပ်ငန်းများပူးပေါင်း ဆောင်ရွက်လျှက် ရှိသော ကယားပြည်နယ်၊လွိုင်ကော်မြို့ရှိ ကယန်းဒေသသဘာဝဝန်းကျင်ထိန်းသိမ်းရေးကွန်ယက် (Environmental Conservation Network of Kayan Region )(KCNKR) တို့ပူးပေါင်းကာ (၁၉) ကြိမ်မြောက် ကယန်းအမျိုးသားနေ့ ထိန်းသိမ်းရေး ပညာပေးပြခန်းကို ကယားပြည်နယ်၊ဒီးမော့ဆိုမြို့နယ်၊လွီးကထိ ကျေးရွာတွင် ဖွင့်လှစ်ပြသနိုင်ခဲ့ပါသည် ။

**၂။ ရည်ရွယ်ချက်**

(၁) ကယန်းဒေသတွင်းရှိ တည်ရှိနေသောဇီဝမျိုးစုံမျိုးကွဲများနှင့်သဘာဝအရင်းအမြစ်များကို ဒေသခံလူထုများမှသိရှိပြီး တန်ဖိုးထားထိန်းသိမ်း တတ်စေရန်။

(၂) ကယန်းဒေသအတွင်းရှိ ထိန်းသိမ်းရေး ကွန်ယက်များ နှင့် ချိတ်ဆက်မှု အားကောင်းလာစေရန် ။

(၃) ဒေသတွင်းရှိသဘာဝအရင်းအမြစ်များအား ထိန်းသိမ်းရာတွင် ဒေသခံလူထုများ ပူးပေါင်းပါဝင် လာစေရန်။

## ၃ ။ BANCA အသင်းမှ ပြခန်းဖွင့်လှစ်ပြသရာတွင် ပါဝင်သော အဖွဲ့ ဝင်များ

| | |
|---|---|
| (၁) ဦးအောင်ကျော်ညွှန့် | (ပညာပေးတာဝန်ခံ) |
| (၂) ဒေါ်အိသဉ္ဇာအောင် | (ကွင်းဆင်းညှိနှိုင်းရေးမှူး) |
| (၃) ဦးသူရအောင် | (ဒီဖိုင်းပညာရှင်) |
| (၄) ဦးစိုးသီဟ | (ယာဉ်မောင်း) |
| (၅) ဒေါ်မူးသက်လယ်စိုး | (စေတနာ့ဝန်ထမ်း) |

## ၄။ သဘာဝပတ်ဝန်းကျင်နှင့်ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး ပညာပေးပြခန်း ဖွင့်လှစ်ပြသခြင်း အစီအစဉ်

သဘာဝပတ်ဝန်းကျင်နှင့်ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး ပညာပေးပြခန်း ကို ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်၊လွိုးကထိကျေးရွာတွင် (၉.၄.၂၀၁၉ ရက်နေ ့မှ ၁၀.၄.၂၀၁၉ ရက်နေ့)အထိ ကျင်းပ ပြုလုပ်ခဲ့ပါသည်။ပြခန်းသို ့ လာရောက်လေ့လာသူဦးရေ ( ၈၈၇ ဦး ) လာရောက်လေ့လာခဲ့ကြပါသည် ။ပြခန်းအတွင်းရှိ ပြကွက် များကို အောက်ပါ အစီအစဉ်အတိုင်း ပြသနိုင်ခဲ့ပါသည် ။

## ၅ ။ ပြခန်းအတွင်းရှိ ပြကွက်များ

(က) ပြခန်း ခေါင်းစည်းစာသားအမည်

(ခ)မြန်မာနိုင်ငံတွင်သာတွေ့ ရှိနိုင်သည့်အပင်နှင့်သားငှက်တိရစ္ဆာန်များ

(Endemic Species of Myanmar)

(ဂ) ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆောင်ရွက်ချက်နှင့်လှုပ်ရှားများ

(ဃ)ဇီဝမျိုးစုံမျိုးကွဲနှင့်သဘာဝထိန်းသိမ်းရေးအသင်းနှင့်ကယန်းဒေသ

သဘာဝဝန်းကျင်ထိန်းသိမ်းရေကွန်ယက် တို့ ၏ ကွင်းဆင်းပူးပေါင်းဆောင်ရွက်မှုများ

(င) ကယန်းဒေသ၏ ဆောင်ရွက်သင့်သော ရှေ့ လုပ်ငန်းစဉ်များ

(စ) ကယန်းဒေသ သဘာဝဝန်းကျင်ထိန်းသိမ်းရေးကွန်ယက်

(ဆ) ကယန်းလူမျိုးများနေထိုင်ရာ ကယန်းဒေသမြေပုံ

(ဇ) ကယန်းဒေသ သဘာဝဝန်းကျင်ထိန်းသိမ်းရေးကွန်ယက် (အမှတ်တံဆိပ်)

(Environmental Conservation Network of Kayan Region )(KCNKR)

(ဈ) ကယန်းဒေသ သဘာဝဝန်းကျင်ထိန်းသိမ်းရေးကွန်ယက် ကြေငြာချက်

တို့ဖြစ်ပါသည် ။


(က) ပြခန်း ခေါင်းစည်းစာသားအမည် -

**"'     ကယန်းဒေသ ဖွံ့ဖြိုးရေး ဇီဝမျိုးစုံ ထိန်းသိမ်းပေး   "'**



(ခ)မြန်မာနိုင်ငံတွင်သာတွေ့ ရှိနိုင်သည့်အပင်နှင့်သားငှက်တိရစ္ဆာန်များ

(Endemic Species of Myanmar)



(ဂ) ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆောင်ရွက်ချက်နှင့်လှုပ်ရှားများ




(ဃ)ဇီဝမျိုးစုံမျိုးကွဲနှင့်သဘာဝထိန်းသိမ်းရေးအသင်းနှင့်ကယန်းဒေသသဘာဝဝန်းကျင်ထိန်းသိမ်းရေး ကွန်ယက် တို့ ၏ ကွင်းဆင်းပူးပေါင်းဆောင်ရွက်မှုများ




(င) ကယန်းဒေသ၏ ဆောင်ရွက်သင့်သော ရှေ့ လုပ်ငန်းစဉ်များ




(စ) ကယန်းဒေသ သဘာဝဝန်းကျင်ထိန်းသိမ်းရေးကွန်ယက်



(ဆ) ကယန်းလူမျိုးများနေထိုင်ရာ  ကယန်းဒေသမြေပုံ



(၉) ကယန်းဒေသ သဘာဝဝန်းကျင်ထိန်းသိမ်းရေးကွန်ယက် (အမှတ်တံဆိပ်)

(Environmental Conservation Network of Kayan Region )(KCNKR)

# (ဈ) ကယန်းဒေသ သဘာဝဝန်းကျင်ထိန်းသိမ်းရေးကွန်ယက် ကြေငြာချက်

## ကြေငြာစာ

ကယန်းဒေသသဘာဝဝန်းကျင် ထိန်းသိမ်းရေးကွန်ယက်အသင်းသည် ကယန်းလူမျိုးများနေထိုင်ရာ ဒေသဖြစ်သည့် ရှမ်းပြည်တောင်ပိုင်း ၊ ကယားပြည်နယ် ကရင်ပြည်နယ် မြောက်ပိုင်း၊ နေပြည်တော် ကောင်စီနယ်မြေ အရှေ့ပိုင်းတို့တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအပြင်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုဘဝဖွံ့ဖြိုး တိုးတတ်ရေး အတွက် နိုင်ငံတော်အစိုးရ၊ ဒေသအကြီးအကဲများ လမ်းညွှန်ကူညီပံ့ပိုးမှုဖြင့် လည်းကောင်း၊ ပြည်တွင်းပြည်ပ အလှူရှင်များ၏ အထောက်အပံ့ တို့ဖြင့် လည်းကောင်း မိတ်ဖက်အဖွဲ့အစည်းများဖြင့် ပူးပေါင်း၍လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်ပါသည်။

- သဘာဝသယံဇာတသစ်တောများ ၊ စိမ့်စမ်းရေများနှင့် ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝနေသည့် ကယန်းဒေသတွင်းရှိ သဘာဝနယ်မြေများကို ထိန်းသိမ်း စောင့်ရှောက်ရန် ။
- သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် သဘာဝနယ်မြေများကို အတူလက်တွဲ ထိန်းသိမ်းစောင့် ရှောက်ရန်။
- ကယန်းဒေသအတွင်း စိုက်ပျိုးရေးအတွက် လိုအပ်သော ရေနှင့် သောက်သုံးရေ ဖူလုံရေးအတွက် ရေအရင်းအမြစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် စနစ်တကျ သုံးစွဲနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကူညီဆောင်ရွက်ပေးရန်။
- ကယန်းဒေသတွင်ရှိ ပြည်သူများနဲ့ လူမှုဘဝအခြေအနေများကို သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖွံ့ဖြိုးတိုးတတ်ရေးတွင် ကူညီ ပံပိုးဆောင်ရွက်ရန်။
- ကယန်းဒေသအတွင်းရှိ ပြည်သူများကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေးရန်နှင့် ထိန်းသိမ်းရေး လုပ်ငန်းစဉ်များတွင် အတူတကွပူးပေါင်း ကြိုးပမ်းဆောင်ရွက်ရန်၊ ကူညီဆောင်ရွက်ပေးရန်။
- ကယန်းဒေသအတွင်းရှိ ဇီဝရုက္ခမျိုးစိတ်များကြွယ်ဝသည့် သဘာဝနယ်မြေများ၏ တန်ဖိုးကို မြန်မာနိုင်ငံအတွင်းသာမက နိုင်ငံတကာမှပါ သိရှိစေရေး ကြိုးပမ်းဆောင်ရွက်ရန်။
- ကယန်းဒေသအတွင်း သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတတ်စေရန်၊ ကူညီဆောင်ရွက်ပေးရန်။

## အသင်း၏လုပ်ငန်းစဉ်

-ဒေသအတွင်း သစ်တောများပြုန်းတီးပျက်စီးမှု မဖြစ်ရေးနှင့် ပျက်စီးသည့်သစ်တောများ ပြန်လည်အစားထိုးရန်အတွက် နိုင်ငံတော်ဌာနဆိုင်ရာအဖွဲ့အစည်း များ၊ အစိုးရမဟုတ်သည့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများဖြင့် အကူအညီရယူပူးပေါင်း ဆောင်ရွက်ပါမည်။
- သစ်တော၊ သစ်ပင်ပန်းမန်များနှင့် ကျေးငှက်သားရဲတိရိစ္ဆာန်များကို ထိန်းသိမ်းပြီး ဒေသခံများ၏အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်မပျက်ရေး ၊ သဟဇာတဖြစ်ရေးအတွက် ပြုစုပျိုးထောင်ခြင်း ၊ ကာကွယ်ထိန်းသိမ်းခြင်းနှင့် ပညာပေးခြင်းတို့ဖြင့် ကူညီဆောင်ရွက်ပါမည်။
- နိုင်ငံတော်အစိုးရ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ ထောက်ပံ့သည့် ရန်ပုံငွေများအား သက်ဆိုင်သည့်လုပ်ငန်းကဏ္ဍတွင် အကောင်အထည်ဖော်ရေးနှင့် အစီရင်ခံခြင်း၊ အစစ်ဆေးခံခြင်းတို့ကို ဆောင်ရွက်ပါမည်။

## အသင်းဝင်များ၏ အရည်အချင်းသတ်မှတ်ချက်

- ကယန်းဒေသအတွင်း နေထိုင်သည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စိတ်ပါဝင်စားသူ လူမျိုး/ဘာသာမရွေး လျှောက်ထားနိုင်ပါသည်။
- ကျား/မ (၁၈)နှစ် အထက်ဖြစ်၍ ကိုယ်စိတ် ကျန်းမာရပါမည်။
- ပညာအရည်အချင်း အနိမ့်ဆုံးမှာ မူလတန်းအဆင့် အထိစာရေးနိုင် ဖတ်နိုင်ရမည်။
- ကယန်းဒေသတွင် နေထိုင်သည့် မည်သည့်နိုင်ငံရေးပါတီဝင်မဆို အသင်းအတွင်း ပါတီ/နိုင်ငံရေး ကိစ္စမပြုလုပ်ပါက အသင်းတွင် လက်ခံပါမည်။
- ကယန်းဒေသတွင် နေထိုင်သည့် မည်သည့်ဝန်ထမ်းကို မဆို သက်ဆိုင်ရာ ဝန်ထမ်းဌာန၏ သဘောတူခွင့်ပြုချက် ရယူပြီးပါက လက်ခံပါမည်။
- ရာဇဝတ်မှုခင်းများဖြင့် တရားရင်ဆိုင်ထားသူ မဖြစ်ရ။

ဆက်သွယ်ရန် - ကယန်းဒေသသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကွန်ယက်၊ အမှတ် (၅၃) ၊ ငြိမ်းချမ်းရေးလမ်း ၊ ပန်ကန်းကျေးရွာ ၊ လွိုင်ကော် ကယားပြည်နယ် Email - kayannework.environment@gmail.com , Phone - 09 262770210

နောက်ဆက်တွဲ (၁)

**၆ ။ ပြခန်း သို့ လာရောက်သော လူဦးရေ စာရင်း**

| (၁၉) ကြိမ်မြောက်ကယန်းအမျိုးသားနေ့ တွင် BANCA ပြခန်းသို့ လာရောက်လေ့လာသည့် ဧည့်သည်မှတ်တမ်း | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| နေ့ စွဲ | ဘုန်းတော်ကြီး | သီလရှင် | လူကြီး (၄၀ နှင့်အထက်) | | လူလတ်(၂၅-၃၉ ထိ) | | လူငယ် (၂၅ အောက်) | | မှတ်ချက် | စုစုပေါင်း |
| | | | ကျား | မ | ကျား | မ | ကျား | မ | နိုင်ငံခြားသား | |
| ၉.၄.၂၀၁၉ | | | ၃၈ | ၂၁ | ၃၈ | ၁၈ | ၁၈ | ၃၀ | ကျား ၁<br>မ ၄ | ၁၆၈ |
| ၁၀.၄.၂၀၁၉ | ၁ | ၂ | ၁၃၅ | ၈၂ | ၁၅၅ | ၁၂၆ | ၁၂၆ | ၉၂ | | ၇၁၉ |
| စုစုပေါင်း | ၁ | ၂ | ၁၇၃ | ၁၀၃ | ၁၉၃ | ၁၄၄ | ၁၄၄ | ၁၂၂ | ၅ | ၈၈၇ |

**၇ ။ ဒေသခံလူထု၏ အကြံပြုစာ**

(က) ဇီဝမျိုးစုံထိန်းသိမ်းရေးတွင် လူထုအများပါဝင် လာပြီးရေရှည်တည်တံ့ရေးအတွက် ဆက်လက်ပြီး စည်းရုံးလှုံ့ ဆော်ရန်လိုအပ်သလို အင်မတန်ကောင်းမွန်သော လုပ်ငန်းတစ်ခုဖြစ်သည်ကို တွေ့ ရှိ ရပါသည်။

( ဦးခွန်းလွီးဇီ ၊ မိုးဗြဲကျေးရွာ )

(ခ) ကယန်းဒေသအတွင်း နေထိုင်ကြသည့် ဒေသခံများအနေဖြင့် သဘာဝပတ်ဝန်းကျင် ကိုပိုမို ထိန်းသိမ်းတတ်စေရန် အတွက် ရွှေ့ ပြောင်းတောင်ယာများအားလျှော့ချပြီး နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကြရန် အကြံပြုအပ်ပါသည် ။

( ဦးခွန်းတင်လှိုင်၊ဖယ်ခုံကျေးရွာ)

# နောက်ဆက်တွဲ(၂) ပြခန်းဖွင့်လှစ်ရန် ဖိတ်ကြားလွှာ



ကယန်းဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကွန်ယက်အသင်း
Environmental Conservation Network of Kayan Region

စာအမှတ် ၊ ကထသ-၂/၀၁၂/(၀၄/၂၀၁၉)
ရက်စွဲ ၊ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်

သို့
- Executive Director
BANCA၊ ရန်ကုန်
- ဥက္ကဋ္ဌ
မြန်မာနိုင်ငံပန်းဝါသနာရှင်များအသင်း၊ ရန်ကုန်

အကြောင်းအရာ ။ ပညာပေးပြခန်းတွင် ပါဝင်ပြသရေး


၁။ တယားပြည်နယ်၊ ဒီမောဆိုမြို့နယ်၊ လွိုကော်ကျေးရွာ၊ လွိုင်ကော်၊ တောင်ငူ ကားလမ်းအနီးတွင် ၂၀၁၉ ခုနှစ်၊ ဧပြီလ (၉)ရက်နှင့် (၁၀)ရက်၌ ကျင်းပပြုလုပ်မည့် (၁၉)ကြိမ်မြောက် ကယန်းအမျိုးသားနေ့တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးပြခန်းကို ကယန်းဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကွန်ယက်အသင်းမှ လုပ်ဆောင်မည်ဖြစ်ပါ၍ အသင်းများနှင့်အတူ ပါဝင်ပြသ၍ အသိပညာပေးမှုပြုလုပ်လိုပါသည်။

၂။ သို့ဖြစ်ပါ၍ ပြခန်းတွင် ပူးပေါင်းပါဝင်ပေးနိုင်ပါရန် ဖိတ်ခေါ်မေတ္တာရပ်ခံအပ်ပါသည်။

ဥက္ကဋ္ဌ
ကယန်းဒေသသဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေးကွန်ယက်အသင်း

မိတ္တူ
- ဦးသန်းဇော်နိုင် (နာယက)
- ရုံးလက်ခံ/မျှောစာတွဲ







Saŏ Kayănphao Mŏnnû (19) blanba anănkhû

Nein 2758, Lănha htan (6) daŏ nu, taŭlai
Kayănphao mŏnnû (19) blan hă
dŏ mahtan tadahtŏnyŭ Kayănphao mŏnnû anănkhû ta-anraŏ aŏblon
akhein aklan aŏ acă, laiblon saŏka, thayŭ saŏ dŏ tadaotayan akaŭ nĕ.

Kayănphao mŏnnû (19) blanbă htŭnhtan kŏmiti

Taratăipán akhein aklan
Mŏnnû - Nein 2758, Lăni ha lan 6 daŏ (Mŏn thyŭnu)
Akhein - Mŏnraŏ 08:00 taŭ 11:00 nari
(Kayăn mŏnnû (19) blanbă akhein aklan)
(Tadohtŏnyŭ anraŏ aŏblon akein aklan)
Kalăn - Lwikahti dŏn, Demawsu wein, Laŏkănkăn



(၁၉)ကြိမ်မြောက် ကယန်းအမျိုးသားနေ့ ဖိတ်ကြားလွှာ

၂၀၁၉ ခုနှစ်၊ ဧပြီလ(၁၀)ရက်နေ့တွင် ကျရောက်သော
(၁၉)ကြိမ်မြောက် ကယန်းအမျိုးသားနေ့ အခမ်းအနားနှင့်
အမျိုးသားနေ့ ဂုဏ်ပြုဓိတ်ဆုံစားပွဲ
တစ်ရပ်ကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်ကျင်းပမည် ဖြစ်ပါသဖြင့်
တက်ရောက်ချီးမြှင့်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကယန်းအမျိုးသားနေ့ကျင်းပရေးဦးစီးကော်မတီ

အခမ်းအနားအစီအစဉ်
နေ့ရက် - ၁၀-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့)
အချိန် - နံနက် (၀၈:၀၀)နာရီမှ (၁၁:၀၀) နာရီ
- (၁၉)ကြိမ်မြောက် ကယန်းအမျိုးသားနေ့အခမ်းအနား အစီအစဉ်
- ဂုဏ်ပြုဓိတ်ဆုံစားပွဲ အခမ်းအနားအစီအစဉ်
နေရာ - လွိုကော်ကျေးရွာ၊ ဒီမောဆိုမြို့နယ်၊ ကယားပြည်နယ်။


ဧည့်သည်တော်

<u>နောက်ဆက်တွဲ (၃) ကယန်းအမျိုးသားနေ့ မှတ်တမ်းဓါတ်ပုံများ</u>



















10.04.2019 09:52




ယန်းဒေသဖွံ့ ဖြိုးရေး ဇီဝမျိုးစုံ ထိန်းသိမ်းပေး




ဒေသဖွံ့ ဖြိုးရေး ဇီဝမျိုးစုံ ထိန်းသိမ်း











## ၈ ။ နိဂုံး

ဇီဝမျိုးစုံမျိုးကွဲနှင့်သဘာဝဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း သည် တစ်ဦးတစ်ယောက် ၊ တစ်သင်းတစ်ဖွဲ့တည်း လုပ်ဆောင်၍ မရနိုင်ပါ။ ထိန်းသိမ်းရေးလုပ်ငန်းသည် လူတိုင်းတွင် တာဝန်ရှိပါသည်။ သို့ပါ၍ BANCA အသင်းသည် ပြည်တွင်းပြည်ပ အဖွဲ့ အစည်းများနှင့်ချိတ်ဆက်၍ ဆောင်ရွက်ခြင်းနှင့် မြန်မာနိုင်ငံအတွင်း နယ်မြေ ဒေသ အသီးသီးတွင် ထိန်းသိမ်းရေးအဖွဲ့ များ ဖွဲ့စည်း၍ ပူးပေါင်းဆောင်ရွက်လျှက်ရှိပါသည်။

လက်ရှိတွင် ချင်းပြည်နယ်မှ ချင်းတောင်တန်းဒေသထိန်းသိမ်းရေးအသင်း၊ ရခိုင်ပြည်နယ် မှ ရခိုင်ဇီဝမျိုးစုံမျိုးကွဲနှင့်သဘာဝထိန်းသိမ်းရေးအသင်း ၊မြန်မာပြည်အလယ်ပိုင်း မှ ပုပ္ပါးတောင်ချစ်သူများအသင်း၊ တံတားဦးမြို့နယ် ပျူကန်ကျေးရွာတွင် ရွှေကန်သာသဘာဝဝန်းကျင်ထိန်းသိမ်းရေး အသင်း၊ ပလိပ်အင်းချစ်သူ များ အသင်း၊ရခိုင်ပြည်နယ် ကျိန်တလီမြို့ နယ်တွင် ရခိုင်ကမ်းရိုးတန်း သဘာဝဝန်းကျင်ထိန်းသိမ်းရေးအသင်း၊ မွန်ပြည်နယ် ဘီးလင်းမြို့ နယ်တွင် ကေလာသထာဝရအသင်း၊ နှင့်ကယန်းဒေသတွင် ကယန်းဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကွန်ယက် အသင်းများကို ဖွဲ့ စည်းတည်ထောင်ပေးပြီး ဒေသတွင်း ထိန်းသိမ်းရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျှက်ရှိပါသည် ။

သို့ပါ၍ ၂၀၁၉ ခုနှစ် မေလ(၉) ရက်နှင့် (၁၀) ရက်နေ့ ၌ ကျင်းပပြုလုပ်သည့် (၁၉) ကြိမ်မြောက် ကယန်းအမျိုးသားနေ့ တွင် ကယန်းဒေသသဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကွန်ယက်နှင့် BANCA အဖွဲ့ တို့ ပူးပေါင်း၍ သဘာဝဝန်းကျင်ထိန်းသိမ်းရေး ပညာပေးပြခန်းကို အောင်မြင်စွာဖွင့်လှစ် ပြသနိုင်ခဲ့ပါသည် ။